## ကျနော်တို့အကြောင်း

ပါတနာရှစ်ပ်ဖော်ချိန်းအဖွဲ့သည် ဘာလင်တန်နှင့်ဂင်နူးစကီးရှိ ကျနော်တို့ကျောင်းပညာရေးစနစ်များအား ကျောင်းသားဗဟိုပြု ပိုမိုဖြစ်လာစေရန် လုပ်ဆောင်နေသည်ကို အထောက်အကူပေးနေသည့် အဖွဲ့အစည်းတခုဖြစ်သည်။ ကျနော်တို့၏ပန်းတိုင်သည် ကျောင်းများ ပိုမိုကောင်းမွန်စွာအလုပ်လုပ်ရန်ဖြစ်သည်။ သို့မှသာ ကျောင်းသားအားလုံးသည် ယနေ့လျင်မြန်စွာပြောင်းလဲနေသည့် ရှုပ်ထွေးသည့် ကမ္ဘာကြီးထဲတွင် အောင်မြင်မှုရရှိရန် ၎င်းတို့၌ လိုအပ်သည့်ကျွမ်းကျင်မှုများနှင့်အတူ ကျောင်းပညာရေး ပြီးဆုံးအောင်မြင်ကြမည် ဖြစ်ပါသည်။

ယခုအချိန်မှာပင်လျှင် ကျနော်တို့ကျောင်းများသည် လွန်ခဲ့သည့် နှစ်တစ်ရာက ကျောင်းများကဲ့သို့ပင် ရှိနေပေသေးသည်။ မတူသည့်ကျောင်းသားများသည် မတူသည့်နည်းလမ်းများဖြင့် သင်ယူလေ့လာကြသည် ဆိုခြင်းကို ကျနော်တို့ သိပါသည်။ သို့သော် ကျောင်းသားအားလုံးသည် အတူတူဖြစ်နေသည့်အလား သူတို့အားလုံးကို ကျနော်တို့ တပုံစံတည်း သင်ကြားပေးနေကြပါသည်။

သို့သော် ဒါက ပြောင်းလဲနေပါပြီ။ ကျနော်နော်တို့ကျောင်းကို လေ့လာသင်ယူသူတိုင်းအတွက် အကျိုးဖြစ်ထွန်းရန်မှာ ကျနော်တို့အနေဖြင့် ကျောင်းသားများကို ၎င်းတို့ပညာရေး၏ဗဟိုချက်မအဖြစ်ထားရန် လိုအပ်ပေသည်။ ကျနော်တို့သည် ကလေးတဦးချင်းစီအတွက် သင်ယူလေ့လာမှုကို ကိုယ်ပိုင် အမှတ်သညာ ပြုလုပ်ထားရန် လိုအပ်သည်။ ကျောင်းသားများသည် ၎င်းတို့စိတ်ဝင်စားသည့်အရာများနှင့်ပတ်သက်၍ လေ့လာသင်ယူနိုင်ပြီး အတန်းပြင်ပရှိကမ္ဘာလောကအား လေ့လာသင်ယူမှုနှင့် ဆက်သွယ်ပေးနိုင်ပါက ကျနော်တို့လူငယ်အားလုံးသည် တောက်ပပြီး မျှော်လင့်ချက်ရှိသည့်အနာဂတ်အတွက် ပြင်ဆင်ထားသည့် အထက်တန်းကျောင်းများမှ အောင်မြင်ပြီးဆုံးကြပေလိမ့်မည်။

ပါတနာရှစ်ပ်ဖော်ချိန်းအဖွဲ့ကို နဲလီမဲ (Nellie Mae) ပညာရေးဖောင်ဒေးရှင်းမှရသည့် ထောက်ပံ့ကြေးဖြင့် ထောက်ပံ့ထားသည်။

**အဓိက အလေးထားသည့်နယ်ပယ်**

ကျနော်တို့သည် ကျနော်တို့ကျောင်းကို အရေးကြီးသည့်နယ်ပယ် ၅ခုတွင် တိုးတက်စေရန် လုပ်ကိုင်နေပါသည်။

သင်ကြားရေးနှင့်သင်ယူရေးဝန်းကျင်

- သင်ကြားရေးနှင့်သင်ယူရေးအား ရှေးရိုးအစဉ်အလာနည်းလမ်းတိုင်း လည်ပတ်ပုံများနှင့် စာသင်ခန်းနံရံများ၏ ဟိုဖက်ဆီသို့ တိုးချဲ့လုပ်ကိုင်ခြင်း။

မိသားစုနှင့်ကျောင်း မိတ်ဖက်ဖြစ်မှု

- ကျနော်တို့ ရပ်ကွက်လူမှုအသိုင်းအဝိုင်း၏ မိသားစုအားလုံးအား ပညာရေးတွင် ထုတ်ဖော်ပြောဆိုခွင့် ပေးခြင်း။

လူငယ်ဆက်ဆံရေးနှင့်ခေါင်းဆောင်မှု

- ဘာလင်တန်နှင့်ဂင်နူးစကီးကျောင်းမှ လူငယ်များအား လုပ်ပိုင်ခွင့်အာဏာပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

ရပ်ကွက်လူမှုအသိုင်းအဝိုင်းအခြေပြု လေ့လာသင်ယူမှု

- ရပ်ကွက်လူမှုအသိုင်းအဝိုင်းအားလုံးတွင် သင်ယူလေ့လာမှုအခွင့်အလမ်းများ တိုးချဲ့ခြင်း။

ကိုယ်ပိုင်အမှတ်သညာပြုထားပြီး ကျွမ်းကျင်မှုအခြေပြု သင်ယူလေ့လာမှု

- ကျနော်တို့ကျောင်းမှပြီးဆုံးသွားသော ကျောင်းသားများ အောင်မြင်မှုရရန်အတွက် လိုအပ်သည်များကို ဖော်ထုတ်နိုင်ရန် သုတေသနနှင့်ရပ်ကွက်လူမှုအသိုင်းအဝိုင်း၏ အကြံအဉာဏ်များကို အသုံးပြုခြင်း။
- အောင်မြင်မှုလမ်းကြောင်းပေါ် တဦးချင်းလျှောက်လှမ်းသွားရန် ကျောင်းသားများကို ခွင့်ပြုခြင်း။

## မိမိတို့နှင့်ပူးပေါင်းပါ

ကျနော်တို့ကျောင်းများအား ပြန်လည်ပုံသွင်းရာတွင် ပူးပေါင်းပါဝင်ရန် ပါတနာရှစ်ပ်ဖော်ချိန်းအဖွဲ့က လူတိုင်းလူတိုင်းအား လိုအပ်ပါသည်။ ကျောင်းသားများ၊ ဆရာများ၊ မိဘများ၊ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်လူမှုအသိုင်းအဝိုင်းမှခေါင်းဆောင်များသည် ကျနော်တို့ကျောင်းအား ရှေ့သို့တဆင့်တက်လှမ်းနိုင်အောင် အတူတကွ လုပ်ဆောင်ပေးနိုင်ပါသည်။

ကျနော်တို့လုပ်ငန်းတွင်ပူးပေါင်းပါဝင်ဆောင်ရွက်ရန် နည်းလမ်းများစွာ ရှိပါသည်။ မည်ကဲ့သို လေ့လာသင်ယူရမည်ဆိုသည်ကို အမေရိကန်နိုင်ငံတွင် အသစ်လာရောက်အခြေချနေထိုင်သူများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးသူ အဲရစ် အက်ဂ်နီရိုး (Eric Agnero) ကို (ဖုန်း) ၈၀၂-၇၉၃-၁၇၄၇ (သို့မဟုတ်) (အီးမေး) eric@partnershipvt.org ဖြင့် ဆက်သွယ်ပါ။